မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်

မိုးကုတ်ဝိပဿနာ၊ မင်္ဂလာရိပ်သာ တရားတော်ပြန့်ပွားရေးဌာနချုပ်၏


ပဓာနနာယက ကမ္မဋ္ဌာန်းနည်းပြချုပ်ဆရာတော်

နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ ၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ

# ဘဒ္ဒန္တက္ကန္ဒက ၏ ထေရုပတ္တိ

(သို့မဟုတ်)

# ပန်းသီးတဲ့ကြိုး



နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ ၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ
ဘဒ္ဒန္တက္ကန္ဒက မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိအကျဉ်း ။

## ဆရာတော်လောင်းလျာ ဖွားမြင်တော်မူခြင်း

**ဘဒ္ဒန္တက္ကန္ဒက** ကို ၊ ၁၃၁၄ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၇) ရက် ၊ တနင်္ဂနွေနေ့တွင် မန္တလေးမြို့၊ မြောက်ပြင် (၁၉) လမ်း ၊ ညောင်ပင်ဈေးအနီး အိမ်အမှတ် (၁၆၈) တွင် ခမည်းတော်ဦးဘစံ ၊ မယ်တော်ဒေါ်သိန်းတို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူပါသည်။

## သာမဏေအဖြစ်သို့ရောက်ရှိတော်မူခြင်း

၁၃၂၁ - ခုနှစ်၊ဝါဆိုလဆန်း(၁၄)ရက်နေ့တွင်၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့်၊ မန္တလေးမြို့မြောက်ပြင်၊ ခေမာသီဝံကျောင်းတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တခေမာ သီဝံဆရာတော်အား ဥပဇ္ဈာယ်ပြု၍၊ သာမဏေဘဝ ကိုရောက်တော်မူသည်။ ဘွဲ့အမည်မှာ ရှင်ကန္ဒကဖြစ်ပါသည်။

# ဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

ဆရာတော်သည်၊ မန္တလေးမြို့၊ ကျွဲဆည်ကန်ရပ်၊ မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာတရားတော်ပြန့်ပွားရေးဌာန၌ (၂၇)နှစ်တိုင်တိုင်၊ ပဋိပတ္တိတရားများ ဟောကြားတော်မူခြင်း တပည့်ရဟန်းသာမဏေတို့ကို ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့နှင့် ပြည့်စုံခြင်း တို့ကြောင့်၊ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကိုရရှိပြီး (၂၀၀၁) ခုနှစ်တွင် နိုင်ငံတော်မှ ချီးမြှင့်သော၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း (၂၀၀၇) ခုနှစ်တွင် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ခံယူရရှိတော်မူပါသည်။

ဆရာတော်သည် ယခုအခါ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်၊ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာတရားတော် ပြန့်ပွားရေးဌာန ချုပ်၌ နာယကချုပ်ဆရာတော်အဖြစ်လည်းကောင်း ကမ္မဋ္ဌာန်းနည်းပြချုပ်အဖြစ်လည်းကောင်း အုပ်ချုပ်သီတင်းသုံးတော်မူပြီး၊ ပဋိပတ္တိအကျင့်နှင့် ဓမ္မဒေသကအဖြစ် သာသနာ့တာဝန်များ ထမ်းဆောင်လျှက်ရှိပါသည်။

ဓမ္မမာမက
အရှင်စက္ကိန္ဒ(ရွှေလုံ)

# ပန်းသီးတဲ့ကြိုး

တပွင့်စီကျဲပြန့်နေသော ပန်းကလေးများကို စီစီရီရီလှပဝေဆာလာအောင် ကောက်ယူကာ(သီတံ)ကြိုးကလေးဖြင့် သီကုံးလိုက်လျှင် လှပတင့်တယ်သောပန်းကုံးလေးတစ်ကုံး ဖြစ်လာပေမည်။ ပန်းကလေးများ စီစီရီရီ လှပနေစေရန် သူ့အလှကို ပဓာနမထား၊ အတွင်းမှနေ၍ အရိုးခံဘဝနှင့်သာ ကျေနပ်နေသူကား "ကြိုး" ကလေးပင်ဖြစ်လေသည်။ ထိုကြိုးကလေးနှင့်တူသော နေရာတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးကား ထင်ရှားရှိလေသည်။

မန္တလေးမြို့၏ တောင်ဘက်အရပ်၊ ယခင်ကမြို့ဟောင်းဟုအမည်တွင်ပြီး ယခုအခါ၌ ကျွဲဆည်ကန်ဟုခေါ်တွင်လေသည်။ ထိုအရပ်၌ ဧက (၄၀) ခန့် ကျယ်ဝန်းသော ကျောင်းတိုက်ကြီးရှိလေသည်။ ကျောင်း၏အမည်ကား "မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာ တရားတော်ပြန့်ပွားရေးဌာနချုပ်" ဟု ခေါ်တွင် လေသည်။

ဝင်းကျောင်းတိုက်ကို အုပ်ချုပ်သော ဆရာတော်မှာ နိုင်ငံတော် "**မဟာကမ္မဋ္ဌာနာစရိယ**" ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုဏ္ဍက (သိမ္ပ-ပွားမှု-ပယ်မှု) ဖြစ်သည်။ ဆရာတော့်ကျောင်းတိုက်၌ ၊ ရေချိုးခန်း ရေလောင်းအိမ်သာ မီးဖိုခန်း ပါသောကျောင်းပေါင်း (၂၀၀) ကျော်ရှိသည်။ အမြဲနေယောဂီ (၁၀၀)သီလရှင် (၅၀)နှင့်သံဃာတော်အပါး (၅၀) သီတင်းသုံးနေထိုင်လျှက် ရှိသည်။ ထိုပုဂ္ဂိုလ်များ၏ စား ၊ဝတ် ၊နေရေး ကျန်းမာရေးတို့ကိုဆရာတော်မှ တာဝန်ယူ ကျွေးမွေးစောင့်ရှောက်ထားပါသည်။

သံဃာတော်အပါး (၅၀) အနက် (၂၄)ပါးမှာ ဓမ္မကထိကများဖြစ်သည်။ တရားတော်ပြန့်ပွားရေးဟူသည်နှင့်အညီ ပရိယတ္တိစာပေကျမ်းတက် ဓမ္မကထိကများကို မွေးထုတ်ပေးလျှက်ရှိသည် ။ ကျွမ်းကျင်ပိုင်နိုင်ပြီးသော ဓမ္မကထိကများကို မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ တရားဟောစေလွှတ်သည်။ ဆရာတော်ကျောင်းမှစေလွှတ်သောတရားဋ္ဌာနပေါင်း (၈၂) ရှိသည်။ ပင်မကျောင်းတိုက်မှာလည်း (၁၀) ရက်စခန်းပွဲများကို လစဉ်ကျင်းပလျှက်ရှိသည်။လစဉ်ယောဂီဦးရေ(၂၅၀) ကျော်ရှိသည်။ မယ်တော်ကြီးနစ်ပတ်လည် တရားထိုင်စွမ်းရည်စစ်ပွဲနှင့်တန်ဆူးလသင်္ကြန်စခန်းပွဲ၌ယောဂီဦးရေ(၃၀၀၀) နှင့်အထက်တွင်ရှိပေသည်။

ဆရာတော်သည် တပည့်သံဃာများကို ဓမ္မကထိက သင်တန်းကို (သီးခြား) ပို့ချပေးသည်။တရားဟော (သာသနာပြု) ကြွရောက်မည့်တပည့် များကို ဩဝါဒအမြဲပေးလျှက်ရှိပါသည်။"ငါ့ရှင်တို့ သာသနာပြုတယ် ဆိုတာ ဒကာ / ဒကာမတွေရဲ့ အတွင်းစိတ်မှာ စွဲကပ်နေတဲ့မိစ္ဆာဒိဋ္ဌိ (အယူမှား) အဖြစ်မှ သမ္မာဒိဋ္ဌိ (အယူမှန်) ဖြစ်အောင် အဓိကထားဟောရမယ် အယူ မစင်ကြယ်ပဲနှင့် ဝိပဿနာအလုပ်ကိုဘယ်လောက်ပင် အားထုတ်အားထုတ် ဖြစ်ပျက်နှင့်မဂ် မကိုက်နိုင်ဘူး ၊ ဖြစ်ပျက်နှင့်မဂ် မကိုက်ရင် မဂ်ဉာဏ်ဖိုလ် ဉာဏ်၊နိဗ္ဗာန်မရောက်နိုင်ဘူး၊ ဒါကြောင့် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး ရဲ့ဥပနိဿယအတိုင်း မှုကျကျ ဟောကြပါ ။ ဒကာ / ဒကာမတွေ ချမ်းသာသုခ ရစေရေးကို အစဉ်ရှေးရှုကြပါ။တပည့်တော်တို့မြန်မာနိုင်ငံမှာအများအားဖြင့် ဗုဒ္ဓဘာသာဆိုပေမယ့်၊ မိရိုးဖလာဗုဒ္ဓဘာသာတွေက များနေတယ်၊ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ကရှားလှတယ်။အဲဒါကိုအရှင်ဘုရားများကျကျနနရှင်းပြပါ၊ ကိုးကွယ်မှုမမှားရအောင် သွန်သင်ညွှန်ပြပေးကြပါ။ ဒါမှ အရှင်ဘုရားတို့ရဲ့ သာသနာပြုခြင်းဟာ အကျိုးသက်ရောက်မှု ရှိပြီး ချမ်းသာသုခကိုရရှိကြလိမ့် မည်။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာက ရောက်လေရာဌာနတိုင်းမှာ (အကပ္ပိယ-ဝတ္ထုငွေ)အကြောင်း စကားမပြောပါနှင့် သဒ္ဓါသရွေ့လှူတာ ကိုသာ ယူခဲ့ပါ။ တရားဟောတယ်ဆိုတာအတ္တဟိတကိုစွန့်ပြီးပရဟိတကို ဆောင်ရွက်တာဖြစ်တယ်လို့ ပါ-၅-၁/၉၈ မှာ မြတ်ဗုဒ္ဓကဟောထား ပါတယ်။ လိုက်နာဆောင်ရွက်ကြပါ။

ဆရာတော်သည် မိမိကိုယ်တိုင်လည်းနယ်လှည့်တရားပြ၊ တပည့် များကို လည်း နယ်လှည့်တရားဟောခိုင်းသည်။ မိမိတစ်ဦးတစ်ယောက် ကောင်းစားရေးကို ပဓာနမထား ၊ နာယူအားထုတ်သူတို့ ချမ်းသာသုခ ရစေရေးကိုသာ အစဉ်ရှေးရှုလျှက် ကျေးလက်တောရွာများအထိ ဆင်း၍ လည်းကောင်း နိုင်ငံတကာသို့လည်းကောင်း ၊ လေယာဉ်၊ ကား၊ လှေ၊ လှည်း၊ အမျိုးမျိုးသော ခရီးကြမ်းတို့ကိုလည်း မည်းမျှပင် ပင်ပမ်းပါစေ ကြွရောက်ချီးမြှောက်တော်မူပြီး သူ၏တပည့်များကိုလည်း ကြွရောက် တော်မူခိုင်းပါသည်။

နေရာအတော်များများ ဆရာတော်ဟောနေကျ တရားတစ်ပုဒ် ရှိသည် 'သရဏသုံးပါး' ဆိုသောတရားဖြစ်သည်။ ထိုတရားတော်၌ ရတနာသုံးပါးသာလျှင်ကိုးကွယ်ရာအစစ်ဖြစ်တယ်ဘုရား၊ တရား ၊သံဃာ ရတနာသုံးပါးကလွဲပြီး ကိုးကွယ်ရာမရှိဘူး ၊ ဒကာ / ဒကာမတွေက ဗုဒ္ဓံမေသရဏံအညံနတ္ထိလို့ရွတ်ဆိုနေပေမယ့် အခြားသော အယူအစွဲ တွေကိုလည်းယူစွဲနေကြတယ် ၊ အဲဒါတွေယူစွဲနေရင်သရဏဂုံပျက်တယ် အပါယ်လေးပါးက မလွတ်နိုင်ဘူး ၊ ဘိုးတော်ဘွားတော်၊ဝိဇ္ဇာ၊ ဂိုဏ်းဂဏ တွေ ယူစွဲနေရင် ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ် မဟုတ်ဘူးလို့မှတ်ပါ။

ဆရာတော်၏ တရားတော်များသည် နာယူအားထုတ်သူဝေနေ ယျများကို ၊ အယူအမြင်စင်ကြယ်စေပြီး ၊ ဉာဏ်အမြင်အလင်းရောင်ကို ပေးစွမ်းနိုင်ပေသည်။ တပည့်ရဟန်းတော်များကိုလည်း ဘဝတက်လမ်း ရာ၌ လှေကားထစ်သဖွယ် ကူညီထောက်ပံ့မှု ပေးစွမ်းနိုင်ပေသည်။ ထိုသို့သောအချင်းအရာများကိုကြည့်၍ 'သစ်တစ်ပင်ကောင်း ငှက်တစ် သောင်းနားနိုင်' ဟု ရှေးလူကြီးများက ဆိုရိုးစကားထားခဲ့လေသလော။

အချုပ်အားဖြင့်ဆိုရသော်တပည့်ဒကာ/ဒကာမများကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိစေရန်လည်းကောင်း မိမိတပည့်ဓမ္မကထိက ဆရာတော် များ၏ ဘဝပန်းတိုင်ကလေးများ ဝေဝေဆာဆာလန်းဆန်းရေးကိုလည်း ဟောပြောသွန်သင်နေခြင်းသည် တစ်ပွင့်စီကျဲပြန့်နေသော ပန်းကလေး များကို ကောက်ယူသီကုံးပေးလိုက်သော ကြိုးကလေးဟု ဆရာတော် ဘဒ္ဒန္တကုဏ္ဍက (သိမှု-ပွားမှု-ပယ်မှု) အားတင်စားခေါ်ဆိုရပါလျှင် . . .

၂၀၀၈ ခုနှစ်ထုတ် ဓမ္မရတနာ မဂ္ဂဇင်းမှ ချစ်တပည့် ဇော်ရဲထက်

## ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

၁၃၄၂ - ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၅) ရက်၊ သောကြာနေ့ (၂၇-၆-၁၉၈၀) နံနက်(၇)နာရီ (၂၉) မိနစ်တွင် မန္တလေးမြို့ ကျွဲဆည်ကန်ရပ် မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာ ၊ စင်္ကြာသိမ်တော်မြတ်ကြီးတွင် မြင်းမွေးဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြုလျှက်မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

## စာပေပရိယတ္တိ သင်ယူဆည်းပူးတော်မူခြင်း

မန္တလေးမြို့ မြောက်ပြင်၊ ခေမာသီဝံကျောင်းတိုက် ဘဒ္ဒန္တခေမာသီဝံ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ထံ၌လည်းကောင်း ကျောက်တိုင်ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ (ဂန္ထဝါစက) ထံ၌လည်းကောင်း ဘုရားကြီးတိုက် စာချဆရာတော်များထံ၌လည်းကောင်း ၊ ရန်ကုန်မြို့ ကမ္ဘာဗုဒ္ဓသာသနာပြု ၊ သေဋ္ဌိလပိမာန်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တသေဋ္ဌိလာဘိဝံသထံတို့၌ လည်းကောင်း အဆင့်မြင့်ပရိယတ္တိစာပေနှင့် အင်္ဂလိပ်စာပေများကိုသင်ယူဆည်းပူးခဲ့ပါသည်။

## ပဋိပတ္တိကျင့်စဉ်နှင့် ဟောစဉ်သင်ယူဆည်းပူးတော်မူခြင်း

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလ၏ အသံသွင်းတရားတော်များကို ၎င်း၊ ရိပ်သာဓမ္မကထိက ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တသုမန ဘဒ္ဒန္တဓမ္မိဿရ၊ ဘဒ္ဒန္တတေဇနိယတို့ထံမှ၎င်း ရန်ကုန်မြို့ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသထံတို့၌ ပဋိပတ္တိကျင့်စဉ်ဟောစဉ်များကိုလေ့လာဆည်းပူး သင်ယူခဲ့ပါသည်။

# ကျမ်းပြုစုတော်မူခြင်း

(၁) သိမှု၊ပွားမှု၊ပယ်မှု တရားတော်။

(၂) ပဋိစ္စသမုပ္ပါဒ် တရားအရသာများ တရားတော်။

(၃) တဏှာအလိမ်မိပုံ တရားတော်။

(၄) သာသနာတော်၏အနှစ် တရားတော်။

(၅) သရဏဂုံသုံးပါး တရားတော်။

(၆) **Vipassana Meditation** ကျမ်း (အင်္ဂလိပ် +မြန်မာ)

စသည့် ကျမ်းဂန်တို့ကို ပြုစုတော်မူပါသည်။

## ပြည်ပသာသနာပြုတော်မူခြင်း

(၁) အမေရိကန်နိုင်ငံ (၁၉၉၅)

(၂) စင်္ကာပူနိုင်ငံ (၁၉၉၅) (၂၀၀၄)

(၃) ထိုင်းနိုင်ငံ (၁၉၉၅ + ၂၀၀၃ + ၂၀၀၄)

(၄) အိန္ဒိယနိုင်ငံ ၊ မလေးရှား၊ ဗီယက်နမ် (၂၀၀၆)

(၅) နီပေါ၊ လာအို၊ ကမ္ဘောဒီးယား ၊ သီရိလင်္ကာ (၂၀၀၆)

စသည့်နိုင်ငံများသို့ ကြွရောက်တော်မူပြီး ၊ ထေရဝါဒ ဗုဒ္ဓတရားတော်များ ၊ဝိပဿနာတရားတော်များ ဟောကြားချီးမြှင့်တော်မူသဖြင့် ၊ ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းလာသူပေါင်း (လူမျိုးစုံ)(၅၀)ကျော်မျှရှိပါသည်။

## ပြည်တွင်းသာသနာပြုတော်မူခြင်း

အနယ်နယ်အရပ်ရပ်သို့ ကြွရောက် တရားဟောတော်မူခြင်း ၊လက်ထောက်ဓမ္မကထိကအပါး (၆၀) ကျော်မွေးထုတ်ပေးတော်မူခြင်း ၊ ရိပ်သာခွဲများတည်ထောင်တော်မူခြင်း၊ ကျောင်းဟောင်းများပြုပြင်၍ ကျောင်းသစ်များတည်ဆောက်တော်မူခြင်း ရိပ်သာတွင်း မင်္ဂလာဓမ္မဗိမာန်တော်ကြီးကို ကျပ်သိန်း (၂၀၀၀) ကျော်ကုန်ကျခံ၍ တည်ဆောက်တော်မူခြင်း ၊မိုးကုတ်ဆရာတော်ကြီး၏အောင်မြေဖြစ်သော မိုးကုတ်မြို့ ဘော်ပတန်းလှိုင်ဂူတော်ကြီးကို ပြုပြင်မွမ်းမံခြင်း၊လမ်းခင်းခြင်း၊ကျောင်းဆောက်ခြင်းတို့ကို၊ မိမိရရှိလာသော လာတ်လာဘများအား သာသနာပြုလုပ်ငန်း၌ သုံးစွဲတော်မူပါသည်။ စေတီပုထိုးများ ရေကန်များကိုလည်း တည်ထားတော်မူပါသည်။

ဆရာတော်သည် မန္တလေးမြို့ နည်းပညာတက္ကသိုလ်မှ ခေတ်ပညာတက် BE.ME.Phd ဘွဲ့ယူမည့်ကျောင်းသားကျောင်းသူများ၊ ကထိကများ၊ ပါမောက္ခများအား ဗုဒ္ဓ၏ဓမ္မများကိုအင်္ဂလိပ် - မြန်မာနှစ်ဘာသာနှင့်ဟောပြောပြသပေးပါသည်။ တိုင်းရင်းသားဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှလူမျိုးစုံ ဘာသာစုံတိုင်းရင်းသားများကိုလည်း အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် ဗုဒ္ဓဒေသနာများကို နယ်စပ်ဒေသထိ ပြန့်နှံ့ပြန့်ပွားစေရန်လည်းကောင်း ၊ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ရန်လည်းကောင်း ၊ နှစ်စဉ်ဟောပြောပြသလျှက်ရှိပါသည်။

အသိဉာဏ်ပညာ ဗဟုသုတနည်းပါးကြသော အင်းတော်ကြီးဒေသ၌၊ တရားဟောတရားပြခြင်း ၊ ဓမ္မဗိမာန်အပါအဝင် ကျောင်းပေါင်း (၂၀) ကျော်ဆောက်လုပ်လှူဒါန်းခြင်း သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ထားပါသည်။

ပရိယတ္တိအတွက်လည်းမစိုးရိမ်တိုက်သစ်၊မဟာဝိသုဒ္ဓါရုံမဟာဂန္ဓာရုံ(အမရပူရ) နန္ဒိသေနာရာမတိုက်၊မြတောင်တိုက်၊ ဓမ္မဝိဟာရီ သီလရှင် စာသင်တိုက်တို့၌လည်း၊ ပရိယတ္တိသာသနာတော်အတွက် လိုအပ်ရာကို အသီးသီး လှူဒါန်းတော်မူပါသည်။

ဤကား ဆရာတော်၏ သာသနာပြုလုပ်ငန်းများဖြစ်ပါသည်။ အခြားအခြားသော သာသနာပြုခြင်းများလည်းများစွာရှိပါသည်။ ကျမ်းလေးမည်စိုးသောကြောင့် ဖော်ပြခြင်းမပြုနိုင်ပါ၊ အကျဉ်းမျှသာ ဖြစ်ပါသည်။

ထွန်းမြင့် အော့(ဖ်)ဆက် ၄၁လမ်း ၈၃ x ၈၄ ကြား မန္တလေးမြို့ ☎ ၀၉ - ၂၀၃၈၃၂၅